စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
တပ်ကုန်းမြို့နယ်၊ နေပြည်တော်

# ရေဆင်းစပ်မျိုးနေကြာ ၁ မျိုးစေ့ထုတ်လုပ်ခြင်း

စိုးဝေကျော်
ဒုလက်ထောက်ဦးစီးမှူး

၂၇-၁-၂၀၂၀

# နေကြာ (sunflower )

**Scientific name:** ***Helianthus annus***

**Family: Composite**

**Origin : North America**

# နိဒါန်း

မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ် မှစတင်၍ နေကြာသီးနှံအား စိုက်ပျိုးခဲ့သည်။ မြန်မာနိုင်ငံတွင် စားအုန်းဆီ၊ နှမ်းဆီ၊ ပဲဆီ၊ နေကြာဆီ နှင့် အသားငါးဆီများကို အများဆုံး အသုံးပြု စားသုံးနေကြပါသည်။ တစ်နှစ် ပျှမ်းမျှ ဆီတန်ချိန် ၁.၂ သန်း ခန့်စားသုံးလျက်ရှိရာ တန်ချိန် ၈ သိန်းခန့်မှာ ပြည်ပမှ တင်သွင်းနေရပါသည်။ စားသုံးဆီ ဖူလုံရန်အတွက် ရေမြေရာသီဥတုနှင့် ကိုက်ညီသော ရေလိုအပ်ချက် နည်းပါးသည့် မြေပဲ၊ နှမ်း၊ နေကြာ သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ပါသည်။

# နိဒါန်း

နေကြာသည်ဆီထွက်နှုန်း၄၆–၅၂%ရှိသဖြင့်အခြားဆီထွက် သီးနှံများ ထက်ဆီထွက်နှုန်း ပိုပါသည်။ နေကြာဆီသည်ကိုလက်စထရောမပါဝင်သော မပြည့်ဝဆီ ဖြစ်သောကြောင့် ကျန်းမာရေးအတွက် အထူးသင့်လျော်သော စားသုံးဆီဖြစ်ပါသည်။နေကြာသည်ရေလိုအပ်ချက်နည်းပါးပြီး မြန်မာနိုင်ငံ ဒေသအနှံ့စိုက်ပျိုးနိုင်သောသီးနှံဖြစ်ပါသည်။နေပြည်တော်တိုင်းဒေသကြီးတွင် နေကြာစိုက်ဧက(၅၄၁ )စိုက်ပျိုးခဲ့ပါသည်။

# ရည်ရွယ်ချက်

- ❖အထွက်နှုန်းဆပိုသော ရေဆင်းစပ်မျိုး နေကြာ ၁ စိုက်ပျိုးဧက တိုးတက်စေရန်
- ❖ ရိုးရိုးနေကြာစိုက်ပျိုးမှုထက် ရေဆင်းစပ်မျိုးနေကြာမျိုးစေ့ ထုတ်လုပ်ခြင်းဖြင့် ဝင်ငွေ တိုးတက်စေရန်
- ❖ ဒေသဆီဖူလုံမှု တိုးတက်စေရန်၊
- ❖ ပြည်ပဆီတင်သွင်းမှု သက်သာစေရန်၊

# ရေဆင်းစပ်မျိုး နေကြာ ၁ အရည်အချင်းလက္ခဏာများ

| | | |
|---|---|---|
| ၁ | မျိုးအမှတ် | ရေဆင်းစပ်မျိုးနေကြာ |
| ၂ | ထုတ်ဝေသည့်ခုနှစ် | ၂၀၀၂ |
| ၃ | အသက်ရက် | ၈၀-၈၅ |
| ၄ | အပင်အမြင့် ( ပေ ) | ၄-၄.၅ |
| ၅ | အပွင့်အချင်း ( လက်မ ) | ၅-၉ |
| ၆ | အစေ့ ၁၀၀၀ အလေးချိန် (ဂရမ် ) | ၅၆ |
| ၇ | တပွင့်ပါ အောင်စေ့ | ၅၀၀-၉၀၀ |
| ၈ | အထွက် (တင်း/ဧက ) | ၅၅-၆၀ |
| ၉ | ဆီထွက်ရာခိုင်နှုန်း (%) | ၄၈-၅၀ |
| ၁၀ | ထူးခြားချက် | သက်လျှင် ၊ ယိုင်လဲမှု ဒဏ်ခံနိုင် ၊ ရွက်ခြောက် ရောဂါဒဏ်ခံနိုင် ၊ OPV မျိုးထက် အထွက်နှစ်ဆပို |

# ၂၀၁၉ ခုနှစ် စပ်မျိုးနေကြာမျိုးစေ့ထုတ်ဧက

| | | |
|---|---|---|
| မြို့နယ် | - | တပ်ကုန်းမြို့နယ် |
| ကျေးရွာ | - | ကြက်သွန်ခင်းကျေးရွာ |
| တောင်သူအမည် | - | ဦးဝိုင်း |
| စိုက်ဧက | - | ၂ ဧက |
| မြေအမျိုးအစား | - | သဲနုံး |
| မိုးရေချိန် | - | ၂၈.၉၄လက်မ |



# မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်

- ❖ စိုက်ရက် - ၂၀.၅.၂၀၁၉
- ❖ မြေပြုပြင်ခြင်း - ထယ် ၁စပ်၊ ထွန် ၂ စပ်
- ❖ ပင်ကြား× တန်းကြား - ၉ လက်မ × ၂၄ လက်မ
- ❖ မျိုးစေ့နှုန်းထား - A line ( ၃ကီလိုဂရမ် / ဧက )

  R line ( ၁.၅ ကီလိုဂရမ် / ဧက )

  (DAR တပ်ကုန်းခြံ)
- ❖ သားခွဲခြင်း - အပင်ပေါက်ပြီး ၁၀ ရက်သားတွင်

  ၁ကျင်း ၁ပင်ချန်၍ သားခွဲပေးရမည်။

# မြေပြင်ပြင်ဆင်ခြင်း နှင့် ရေသွင်းခြင်း

- မြေခံ – နွားချေး ၂တန်
  (၁၆:၁၆:၁၆) ကွန်ပေါင်း ၂၅ ကီလိုဂရမ်/ဧက
  ယူရီးယား ၂၅ ကီလိုဂရမ်/ဧက

- စိုက်ပြီး၂၀ ရက်သား – ယူရီးယား၂၅ ကီလိုဂရမ်/ဧက
  ပထမအကြိမ် ရေသွင်းခြင်း

- စိုက်ပြီး ၄၀ ရက်သား – ယူရီးယား ၂၅ ကီလိုဂရမ်/ဧက
  ပိုတက်ရှ် ၂၅ ကီလိုဂရမ် / ဧက
  ဒုတိယအကြိမ် ရေသွင်းခြင်း

# စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်စိုက်ပျိုးခြင်း



မျိုးစေ့ချခြင်း



သားခွဲခြင်း



ကြားပေါင်းလိုက်ခြင်း

# မျိုးကွဲပယ်ခြင်း

- စပ်မျိုးနေကြာသီးနှံတစ်ရာသီလုံးတွင် မျိုးကွဲပယ်ခြင်း( ၈ ကြိမ် )
- အဖို နှင့် အမပင်တန်းထဲ၌ အခြား မျိုးကွဲများ နုတ်ပယ်ပါ။
- ရောဂါကျနေသော အပင်များ နုတ်ပယ်ပါ။







# ရေဆင်းစပ်မျိုးနေကြာ ၁ ၏ အဖို နှင့် အမပွင့်ပုံသဏ္ဍာန်

A Line





R Line





# ရိတ်သိမ်းခြင်း

- သက်တမ်း ၈၀ - ၈၅ ရက်တွင် ရိတ်သိမ်းသည် ။
- နေကြာပွင့် နောက်ကျောဘက် အဝါရောင်သမ်းလာချိန် ရိတ်သိမ်းရပါသည်။
- အမပွင့်များကို ဦးစွာရိတ်သိမ်းခြွေလှေ့ အခြောက်ခံသိုလှောင်ပြီးမှ အဖိုပင် များကို ရိတ်သိမ်းပါ။
- ရိတ်သိမ်းပြီးနေကြာပွင့်များအား တစ်ပွင့်နှင့်တစ်ပွင့် မထပ်စေဘဲ ( ၂-၃ ) ရက်နေလှန်းပြီးမှ အစေ့ခြွေရပါသည်။
- ခြွေပြီး အစေ့တွင်းအစိုဓါတ် ( ၉ % အောက်) ထိ ရရှိစေရန် နေလှန်း၍ လေလုံအောင်အိတ်များဖြင့် စနစ်တကျထုတ်ပိုးပြီး မှ သိုလှောင်ရပါမည်။

# စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်စိုက်ပျိုးခြင်း



ပျားပုံးချခြင်း



ရိတ်သိမ်းခြင်း



နေလှန်းခြင်း

# ကွင်းသရုပ်ပြပွဲမှတ်တမ်း











# အထွက်နှုန်း

❖ တစ်ဧကအထွက်နှုန်း = ၂၇ တင်း






# စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ရာတွင် ရှောင်ရန် အချက်များ

- အခြားနေကြာမျိုးစေ့ထုတ်စိုက်ခင်းများ၊ ဆီနေကြာစိုက်ခင်းများ နှင့် အနည်းဆုံး မီတာ ၆၀၀ အကွာစိုက်ပျိုးရန် သို့ ပန်းပွင့်ချိန်မတူစေရန် အနည်းဆုံး ( ၁ ) လခြား၍ စိုက်ပျိုးနိုင်ရပါမည်။
- စိုက်ပျိုးချိန်တွင် အပူချိန်လွန်ကဲခြင်းမှ ရှောင်ရှားရန်
- မလိုအပ်ဘဲ ပိုးသတ်ဆေးအလွန်အကျွံ သုံးစွဲခြင်းမှ ရှောင်ရှားရန်
- အပင်ယိုင်လဲတတ်သောကြောင့် ရေဝပ်ခြင်းမှ ရှောင်ရှားရန်
- နောက်ကျရိတ်သိမ်းခြင်း ကို ရှောင်ရှားရန်(ကြွက်၊ငှက်၊ခြ)

# Isolation Distance

| Sl. No. | Crop | m |
|---|---|---|
| 1 | Sunflower | 600 |



# စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း၏ တစ်ဧကကုန်ကျစရိတ်

| စဉ် | အကြောင်းအရာ | နှုန်း | သင့်ငွေ ( ကျပ် ) |
|---|---|---|---|
| ၁ | မြေပြင်ခြင်း | ၃စပ် × ၁၈၀၀၀ကျပ် | ၅၄၀၀၀ |
| ၂ | မျိုးစေ့ | ၄.၅ကီလို×၁၀၀၀၀ကျပ် | ၄၅၀၀၀ |
| ၃ | မြေဩဇာ | | |
| | ၁၆ : ၁၆ : ၁၆ (ကွန်ပေါင်း) | ၂၅ကီလို | ၂၅၀၀၀ |
| | ယူရီယား | ၇၅ ကီလို | ၄၅၀၀၀ |
| | ပိုတက်ရှ် | ၂၅ ကီလို | ၂၂၀၀၀ |
| ၄ | ရေတင်ဆီ | ၈ ဂါလံ× ၃၅၀၀ ကျပ် | ၂၈၀၀၀ |
| ၅ | စိုက်ပျိုးစရိတ် | ၂ ဦး × ၄၀၀၀ကျပ် | ၈၀၀၀ |
| ၆ | မျိုးကွဲပယ် | ၁ ဦး× ၈ကြိမ်× ၂၀၀၀ကျပ် | ၁၆၀၀၀ |
| ၇ | ရိတ်သိမ်းခြင်း | ၈ ဦး × ၄၀၀၀ကျပ် | ၃၂၀၀၀ |
| ၈ | နေကြာထုချွေခြင်း | ၁၂ ဦး × ၄၀၀၀ကျပ် | ၄၈၀၀၀ |
| | **စုစုပေါင်း ကုန်ကျစရိတ်** | | **၃၂၃၀၀၀** |

# စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ခြင်း၏ တစ်ဧကအကျိုးအမြတ်

- တစ်ဧကအတွက်

  (၂၇ တင်း ×၃၅၀၀၀ ကျပ်) = ၉၄၅၀၀၀ ကျပ်

- တစ်ဧကကုန်ကျစရိတ် = ၃၂၃၀၀၀ ကျပ်

- တစ်ဧက အကျိုးအမြတ် = ၉၄၅၀၀၀ - ၃၂၃၀၀၀ ကျပ်

  = ၆၂၂၀၀၀ ကျပ်

- R line အတွက်

  (၃တင်း × ၁၀၀၀၀ကျပ်) = ၃၀၀၀၀ ကျပ်

# အကြံပြုချက်

- ❖ ပြောင်းလဲလာသော ရာသီဥတုနှင့် အညီ သက်တမ်းတို၍ ရေမြေဒေသနှင့် ကိုက်ညီ သည့် ရေလိုအပ်ချက်နည်း အကျိုးမြင့်တ်များခြင်း၊
- ❖ ဓါတုပိုးသတ်ဆေး  သုံးစွဲ မှု လျော့နည်းသည့် အတွက် ပတ်ဝန်းညစ်ညမ်းမှု မရှိခြင်း၊
- ❖ နေကြာဆီသည် ကိုလက်စထရောမပါဝင်သည့်မပြည့်ဝဆီ ဖြစ်သောကြောင့် စားသုံးသူများအတွက်ကျန်းမာရေးနှင့် အညီ အစားအစာအန္တရာယ်ကင်းရှင်းစေခြင်း

ကြောင့် နေကြာ သီးနှံ အား ပိုမို စိုက်ပျိုးသင့်ကြောင်း အကြံပြုအပ်ပါသည် ။

# ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်

❖ ဒေသစားသုံးဆီ ဖူလုံရေးအတွက်  တပ်ကုန်းမြို့နယ်တွင် နေကြာစိုက်ဧကများတိုးတက်

လာအောင် ဆောင်ရွက်သွားပါမည် ။

❖ နေကြာမျိုးစေ့လိုအပ်ချက်များလုံလောက်အောင် ဖြန့်ဖြူးနိုင်ရန်

နေကြာမျိုးစေ့ထုတ်စိုက်ခင်းများ

ပိုမိုတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည် ။

❖ စိုက်ပျိုးရေးသုတေသနနှင့် ပူးပေါင်း၍ နေကြာမျိုးစေ့ထုတ်နည်းပညာများအား

တောင်သူများထံ

ဖြန့်ဖြူးပေးသွားပါမည် ။

# ကျေးဇူးတင်ပါသည်။



